# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် ၁၃/၂၀၂၀

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် ၁၅/၂၀၂၀ ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် ၁၅/၂၀၂၀ အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဆိုပြုလုပ်ငန်း ၄ ခု၊ အတည်ပြုလုပ်ငန်း ၃ ခု စုစုပေါင်း ၇ ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အဆိုပြုလုပ်ငန်း ၄ ခု၊ အတည်ပြုလုပ်ငန်း ၁ ခု၊ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုလုပ်ငန်း ၁ ခု နှင့် တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီက အတည်ပြုလုပ်ငန်း ၁ ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏသည် အမေရိကန်ဒေါ်လာ ၄၉.၈၄၂ သန်း ဖြစ်ပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄,၀၂၃ ဦး ကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြု အတည်ပြုလုပ်ငန်း ၇ ခု မှာ စက်မှုကဏ္ဍက ၃ ခု၊ အခြားဝန်ဆောင်မှုကဏ္ဍက ၁ ခု၊ စိုက်ပျိုးရေးကဏ္ဍက ၁ ခုနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍက ၂ ခု တို့ ဖြစ်ပါသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၂၅ ရက်နေ့အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၄ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၆၅.၇၈၆ သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁၉၉.၇၅၆ သန်း ဖြစ်ပါသည်။

အထူးစီးပွားရေးဇုန်ဥပဒေအရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၂၅ ရက်နေ့အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၉.၈၆၀ သန်း ဖြစ်ပါသည်။

ထို့ကြောင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၂၅ ရက်နေ့အထိစုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၀၉.၆၁၆ သန်း ဖြစ်ပါသည်။

အစည်းအဝေးအမှတ်စဉ် ၁၅/၂၀၂၀ အပါအဝင် ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဆိုပြုလုပ်ငန်း ၃ ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါလုပ်ငန်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ ကျပ် ၆,၈၉၇.၇၀၀ သန်းဖြစ်ပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၄၆၂ ဦး

ကို ဖန်တီးပေးမည်ဖြစ်ပါသည်။ ခွင့်ပြုလုပ်ငန်း ၃ ခု မှာ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍက ၁ ခု၊ အခြားကဏ္ဍက ၁ ခု နှင့် စက်မှုကဏ္ဍက ၁ ခု ဖြစ်ပါသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၂၅ ရက်နေ့အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု၊ အတည်ပြုပေးခဲ့မှုမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၇ ခု၊ အမေရိကန်ဒေါ်လာ ၁၅.၁၂၈ သန်း အပါအဝင်ကျပ် ၆၁,၀၇၅.၈၅၃ သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၈.၄၂၉ သန်း အပါအဝင် ကျပ် ၆၉,၈၆၀.၀၁၉ သန်း ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံရှိ အာမခံကုမ္ပဏီ ၂၄ ခုက မတည်ရင်းနှီးငွေပမာဏ အမေရိကန်ဒေါ်လာ ၁၅၂.၁၁၇ မီလီယံ၊ ကျပ် ၆၇.၃၁၇ ဘီလီယံဖြင့် လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

Email: dica.ip.mm@gmail.com
Website: www.dica.gov.mm
Phone: 01 658132